# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
# (၁၄)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်
## (၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

မူကြမ်း

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၆ ဦးရှိတဲ့အနက် ၃၉၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၂.၂၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေ ထားတဲ့ အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့သို့ မတက် ရောက်နိုင် ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံ မဲဆန္ဒနယ်က ခွင့်ပန်ကြား သွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့ တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၂၆ ဦး ရှိပြီး တက်ရောက်သူ ကိုယ်စားလှယ် ၃၉၃ ဦး ရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၂၉ ဦး ရှိပါတယ်။ ၎င်းတို့ကတော့-

(၁) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဌေးဝင်း ခွင့် ၅ ရက်၊

(၂) ဇလွန်မဲဆန္ဒနယ်မှ ဦးအောင်မင်း ခွင့် ၁ ရက်၊

(၃) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၁ ရက်၊

(၄) ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၂ ရက်၊

(၅) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၁ ရက်၊

(၆) မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း ခွင့် ၁ ရက်၊

(၇) ရေစကြိုမဲဆန္ဒနယ်မှ ဦးတိုးရွှေ(ခ)ဒေါက်တာတင်ဌေးအောင် ခွင့် ၁ ရက်၊

(၈) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် ခွင့် ၂ ရက်၊

(၉) မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ ခွင့် ၁ ရက်၊

(၁၀) ကျုံပျော်မဲဆန္ဒနယ်မှ ဦးစိုးအောင်နိုင် ခွင့် ၃ ရက်၊

(၁၁) ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးရွှေလှကြိုင် ခွင့် ၃ ရက်၊

(၁၂) ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအုန်းလွင် ခွင့် ၁ ရက်၊

(၁၃) နမ့်ခမ်းမဲဆန္ဒနယ်မှ ဦးထွန်းကျော် ခွင့် ၅ ရက်၊

(၁၄) နောင်ချိုမဲဆန္ဒနယ်မှ ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန် ခွင့် ၂ ရက်၊

(၁၅) မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး ခွင့် ၁ ရက်၊

(၁၆) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၅ ရက်၊

(၁၇) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၁ ရက်၊

(၁၈) ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင် ခွင့် ၁ ရက်၊

(၁၉) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၂ ရက်၊

(၂၀) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းခင်စော ခွင့် ၂ ရက်၊

(၂၁) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးထင်အောင်ကျော် ခွင့် ၃ ရက်၊

(၂၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးနှင်းစိုး ခွင့် ၃ ရက်၊

(၂၃) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်ဇင်လတ် ခွင့် ၃ ရက်၊

(၂၄) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် ခွင့် ၅ ရက်၊

(၂၅) အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို ခွင့် ၅ ရက်၊

(၂၆) မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း ခွင့် ၁ ရက်၊

**မှုကြမ်း**

(၂၇) ပဲခူးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ရွှေပုံ ခွင့် ၂ ရက်၊

(၂၈) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး ခွင့် ၂ ရက်နှင့်

(၂၉) သာပေါင်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၂ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၄ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၂၉ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၃၃ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၆ ဦးရှိပြီး ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၂၉ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၃၃ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေ အနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မူကြမ်း**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် နယ်နိမိတ်တိုင်းတာမှု မပြီးပြတ်သေးသော နိုင်ငံများနှင့် သံတမန်လမ်းကြောင်းမှတစ်ဆင့် နှစ်ဖက်ညှိနှိုင်းပြီး တိုင်းတာသတ်မှတ်ရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်မြင့်(မင်းကင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုဝန်ကြီးများအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော် မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ဖြစ်ပြီး Power Point သုံးစွဲခွင့်ပြုပါရန်အတွက် တင်ပြအပ်ပါတယ်။ နယ်နိမိတ်နှင့်ပတ်သက်ပြီးတော့မှ ကျွန်တော် မေးခွန်းတစ်ခု မေးမြန်းထားတာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ နယ်နိမိတ်ချင်းထိစပ်လျက်ရှိတဲ့ နိုင်ငံငါးနိုင်ငံရှိပြီးတော့မှ တိုင်းတာပြီးစီးမှုရှိတဲ့နိုင်ငံများကတော့ လာအို၊ ဘင်္ဂလားဒေ့ရှ်နဲ့ တရုတ်တို့ပဲ ဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံနဲ့တော့ မိုင် ၈၀ ခန့်နဲ့ ကျောက်တိုင်ကိုးတိုင်ကျန်ရှိနေပါသေးတယ်။ ထိုင်းနိုင်ငံနဲ့ကတော့ ၁၃၁၈ မိုင်ရှိတဲ့အနက် မဲဆိုင်-မဲဟောက်ချောင်း ၃၆ မိုင်က လွဲပြီးတော့မှ မတိုင်းရသေးပါဘူး။ နယ်နိမိတ်သတ်မှတ်မှုကို လွတ်လပ်ရေးရပြီးချိန်ကစပြီးတော့မှ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရကာလအထိသာ ဆောင်ရွက်နိုင်ခဲ့ပြီးတော့မှ တပ်မတော်အစိုးရကာလမှာ အကြောင်းအမျိုးမျိုးကြောင့် ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိပါဘူး။ သမ္မတကြီးဦးသိန်းစိန် ဦးဆောင်တဲ့ အစိုးရကာလမှာတော့ ထားဝယ်အထူးစီးပွားရေးဇုန်ကို ဆက်သွယ်နိုင်တဲ့ လမ်းဖောက်လုပ်ဖို့နဲ့ နယ်စပ်ဂိတ်ဖွင့်လှစ်နိုင်ဖို့အတွက် မြန်မာနိုင်ငံဘက်က ထီးခီးနဲ့ ထိုင်းနိုင်ငံဘက်က ဖူးနာမ်းရွန်းဒေသမှာ နယ်နိမိတ်တိုင်းတာသတ်မှတ်ရေးကို ကိုက် ၁၀၀၀ ခန့်သာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါကြောင့် ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့် တိုင်းတာသတ်မှတ်ရန် ကျန်ရှိတဲ့နယ်နိမိတ်တွေကို ပြီးစီးအောင် တိုင်းတာသတ်မှတ်ရေးဟာ လက်ရှိအစိုးရအတွက် သမိုင်းပေးတာဝန်တစ်ရပ်လည်းဖြစ်သလို ဒါမှလည်း နောင်လာမယ့်မျိုးဆက်များအတွက် ကောင်းမွန်တဲ့အနာဂတ်ကို ထားရှိခဲ့နိုင်မှာ ဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံနယ်နိမိတ်ကတော့ ကျောက်တိုင်ကိုးတိုင် ညှိနှိုင်းသတ်မှတ်ရေးကိစ္စက အရေးကြီးပါတယ်။ ထိုင်းနိုင်ငံနဲ့ နောက်ပိုင်းမှာဆိုရင်ဖြင့် ၀7 တောင်ကုန်းကိစ္စ၊ လွယ်ဒန်းဒေသကိစ္စ၊ သောင်ရင်းမြစ်ကြောင်းနယ်နိမိတ်ကိစ္စ၊ ပါချန်မြစ်ချောင်းနယ်နိမိတ်ကိစ္စ၊ ဘုရားသုံးဆူနယ်နိမိတ်ကိစ္စနှင့် ကျွန်းသုံးကျွန်း ပိုင်ဆိုင်မှုများဟာ နှစ်နိုင်ငံအကြားမှာ ကောင်းမွန်တဲ့ဆက်ဆံရေးနဲ့ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းချိန်မှာ အလွန်ဆောင်ရွက်သင့်ပါတယ်။

**မူကြမ်း**

ကျွန်တော် ဒီမေးခွန်းကို ဇွန်လ ၂ ရက်နေ့က မေးမြန်းခဲ့တာဖြစ်ပြီးတော့မှ State Counsellor ဖြစ်တဲ့ ဒေါ်အောင်ဆန်းစုကြည်ဟာ ဇွန်လ ၂၃ ရက်နေ့က ထိုင်းနိုင်ငံခရီးစဉ်မှာ နှစ်နိုင်ငံနယ်နိမိတ် သတ်မှတ်ရေးကိစ္စများကို ဆွေးနွေးခဲ့ပြီးတော့မှ Joint Boundary Committee ကို မကြာမီမြန်မာ နိုင်ငံမှာ ကျင်းပမယ်ဆိုတာသိရလို့ ဝမ်းသာပါတယ်။ ကြိုလည်းကြိုဆိုပါတယ်။ ကျွန်တော်တို့မြန်မာ နိုင်ငံရဲ့နယ်နိမိတ်ကို ကာကွယ်ဖို့အတွက် အသက်တွေ၊ သွေးတွေ၊ ချွေးတွေ မြောက်မြားစွာပေးဆပ်ခဲ့ ရတယ်ဆိုတာ လွှတ်တော်ကိုယ်စားလှယ်များအားလုံးလည်း အသိပဲဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော် ရဲ့နယ်နိမတ်တစ်လက်မမှ မလျော့ပါးအောင် ကြိုးပမ်းကြဖို့အတွက်လည်း ကျွန်တော်တို့ ပါဝင် ပတ်သက်တဲ့ဝန်ထမ်းတွေ၊ Decision Maker တွေအားလုံးကို ကျွန်တော့်အနေနဲ့ တိုက်တွန်းမေတ္တာ ရပ်ခံလိုပါတယ်။ နယ်နိမိတ်တိုင်းတာသတ်မှတ်ရေးဟာ အပြောလွယ်သလောက် လက်တွေ့မှာ ခက်ခဲပါတယ်။ ထီးခီးနဲ့ ဖူးနာမ်းရွှန်းဒေသ တိုင်းတာသတ်မှတ်နိုင်ဖို့အတွက် လေးလကနေခြောက်လ ကြား အချိန်ယူပြီးတော့မှ ဆောင်ရွက်ခဲ့ရပါတယ်။ သို့သော်လည်း အခြားတစ်ဖက်မှာတော့ အားသာ ချက်တွေလည်းရှိပါတယ်။ ဒါတွေကတော့ ပိုမိုပြီးတော့မှ ခေတ်မီတဲ့မြေတိုင်းကိရိယာတွေ သုံးနိုင်တယ်။ လမ်းပန်းဆက်သွယ်ရေးကလည်း နယ်စပ်တစ်လျှောက်မှာ ပိုမိုကောင်းမွန်လာပါတယ်။ အသင့်အတင့် လည်း အေးချမ်းတဲ့ဒေသတွေဖြစ်လာပြီ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်ရဲ့ မေးခွန်းကတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေနဲ့ နယ်နိမိတ်တိုင်းတာသတ်မှတ်ရေးကိစ္စများကို မပြီးပြတ် သေးတဲ့နိုင်ငံများနှင့် သံတမန်လမ်းကြောင်းမှတစ်ဆင့် နှစ်ဖက်ညှိနှိုင်းပြီးတော့မှ တိုင်းတာသတ်မှတ်ဖို့ အတွက် အစီအစဉ်ရှိ/မရှိဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ နိုင်ငံခြားရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်တင်(ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင် ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မြင့်ရဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေဖြင့် နယ်နိမိတ်တိုင်းတာမှု မပြီးပြတ် သေးသော နိုင်ငံများနှင့် သံတမန်လမ်းကြောင်းမှတစ်ဆင့် နှစ်ဖက်ညှိနှိုင်းပြီး တိုင်းတာ သတ်မှတ်ရန်

အစီအစဉ်ရှိ/မရှိ သိလိုခြင်း နှင့်စပ်လျဉ်းပြီးတော့ ကျွန်တော့်အနေနဲ့ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်မြင့် တင်ပြသွားတဲ့အတိုင်း မြန်မာနိုင်ငံဟာ တရုတ်နိုင်ငံနှင့် ၁၃၄၈ မိုင်၊ လာအိုနိုင်ငံနှင့် ၁၄၉ မိုင်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ၁၆၈ မိုင်၊ အိန္ဒိယနိုင်ငံနှင့် ၁၀၁၀ မိုင်၊ ထိုင်းနိုင်ငံနှင့် ၁၃၁၈ မိုင် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပါတယ်။ ကျွန်တော်တို့ လွတ်လပ်ရေးရရှိပြီးတဲ့နောက် အဆိုပါ နယ်နိမိတ်များကို မြန်မာနိုင်ငံအစိုးရဟာ ဗြိတိသျှတို့ထံမှ နိုင်ငံတကာအမွေဆက်ခံခြင်း ဥပဒေအရ လွှဲပြောင်းရယူခဲ့ရခြင်းဖြစ်ပါတယ်။

လွတ်လပ်ရေးရရှိပြီးတဲ့နောက် မြန်မာအစိုးရအဆက်ဆက်ဟာ ဗြိတိသျှလက်ထက်ကသတ်မှတ်ခဲ့တဲ့နယ်နိမိတ်များကို ပြန်လည်တိုင်းတာသတ်မှတ်မှုများ ပြုလုပ်ခဲ့ကြရာမှာ တရုတ်နိုင်ငံနှင့် နယ်နိမိတ်စာချုပ်ကို ၁၉၆၀ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှာ ချုပ်ဆိုခဲ့ပြီးတော့ နယ်နိမိတ်အား စနစ်တကျတိုင်းတာသတ်မှတ်ခဲ့ပြီး ဖြစ်ပါတယ်။ မြန်မာ-လာအိုနယ်နိမိတ်မှာ မဲခေါင်မြစ်အား ပုံသေနယ်နိမိတ်အဖြစ်သတ်မှတ်သည့် မြန်မာ-လာအိုနယ်နိမိတ်စာချုပ်ကိုလည်း ၁၁-၆-၁၉၉၄ ရက်နေ့မှာ ချုပ်ဆိုခဲ့ပြီးဖြစ်ပါတယ်။ မကြာသေးမီက ၅-၈-၂၀၁၆ ရက်နေ့မှာ လာအိုနိုင်ငံကနေပြီးတော့ မြန်မာနိုင်ငံကို လာရောက်ခဲ့တဲ့ လာအိုသမ္မတကြီးရဲ့ခရီးစဉ်အတွင်းမှာ ချစ်ကြည်ရေးတံတားနှင့်ပတ်သက်ပြီးတော့ စီမံခန့်ခွဲမှုဆိုင်ရာသဘောတူစာချုပ်တစ်ရပ်ကို ချုပ်ဆိုနိုင်ခဲ့ပါတယ်။ အဲဒီသဘောတူစာချုပ်မှာဆိုလို့ရှိရင်လည်းပဲ ချစ်ကြည်ရေးတံတားပေါ်မှာ မြန်မာ-လာအိုနယ်နိမိတ်စာချုပ်နှင့်အညီ ရေပုံပါအတိုင်း နယ်နိမိတ်ကြေးပြားတပ်ဆင်ရေးကိစ္စကိုလည်း ကျွန်တော်တို့ သဘောညှိနှိုင်းနိုင်ခဲ့ပါတယ်။

နောက်တစ်ခုကတော့ မြန်မာ-ဘင်္ဂလာဒေ့ရှ်နယ်နိမိတ်ကိစ္စဖြစ်ပါတယ်။ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်နိမိတ်ကို ၂၁-၁-၁၉၆၄ ရက်နေ့မှာ နတ်မြစ်အပိုင်းကို ပုံသေနယ်နိမိတ်သတ်မှတ်ခြင်းစာချုပ်နဲ့ ၁၂-၁၁-၁၉၉၈ ရက်နေ့မှာ ကုန်းပိုင်းနယ်နိမိတ်သတ်မှတ်ခြင်း စာချုပ်များကို လက်မှတ်ရေးထိုးချုပ်ဆိုသတ်မှတ်ခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါ ၁၉၉၈ ခုနှစ်မှာ ချုပ်ဆိုခဲ့တဲ့ ကုန်းနယ်နိမိတ်စာချုပ်ကို နှစ်နိုင်ငံအတည်ပြုစာချွန်လွှာများ လဲလှယ်ရန်သာကျန်ရှိပါတယ်။ နှစ်ဖက်လွှတ်တော်များကလည်း သဘောတူညီထားပြီးဖြစ်တဲ့အတွက် မကြာမီကာလအတွင်းမှာ လဲလှယ်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။

နောက် မြန်မာ-အိန္ဒိယနယ်နိမိတ်နှင့်ပတ်သက်လို့တော့ ၁၀-၃-၁၉၆၇ ရက်နေ့မှာ နယ်နိမိတ်တိုင်းတာရေးစာချုပ်ချုပ်ဆိုခဲ့ပြီးဖြစ်ပါတယ်။ အဲဒီတော့ အိန္ဒိယနိုင်ငံနှင့်နယ်နိမိတ်ဟာ မိုင်ပေါင်း

၁၀၁၀ ထိစပ်နေတဲ့အနက်မှ ကဘော်ချိုင့်ဝှမ်းဒေသမှာ မြေပုံနှင့် မြေပြင်ကွဲလွဲမှုကြောင့် ၂၄ မိုင် အတွက်ကို မှတ်တိုင်ကိုးတိုင်စိုက်ထူရန်နှင့် မြောက်ဘက်စွန်းမှာရှိတဲ့ မြန်မာ-အိန္ဒိယ-တရုတ် သုံးနိုင်ငံ ဆုံမှတ်အထိ ၇၉ မိုင်ခန့်သာ သတ်မှတ်ဖို့ကျန်ရှိပါတယ်။ အဲဒီတော့ ဒီ မြန်မာ-အိန္ဒိယ-တရုတ် သုံးနိုင်ငံ ဆုံမှတ်သတ်မှတ်ရေးကိစ္စကတော့ အိန္ဒိယနှင့် တရုတ်နိုင်ငံအကြားမှာ အငြင်းပွားနေဆဲဖြစ်တာ ကြောင့်မို့လို့ အဆိုပါနှစ်နိုင်ငံအကြား ပြေလည်မှုရရှိမှသာ ကျန်တဲ့ ၇၉ မိုင်ကိစ္စကို ဆက်လက် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါတယ်။ ကဘော်ချိုင့်ဝှမ်းမှာ မှတ်တိုင်ကိုးတိုင်ကိစ္စဖြေရှင်းရန်နဲ့ပတ်သက် ပြီးတော့ အိန္ဒိယဘက်ကနေ အဆိုပြုချက်အသစ်တစ်ရပ်ကို ပေးအပ်မှာဖြစ်ကြောင်း ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့မှာပြုလုပ်ခဲ့တဲ့ နှစ်နိုင်ငံပူးတွဲနယ်နိမိတ်လုပ်ငန်းအဖွဲ့အစည်းအဝေးမှာ ညှိနှိုင်း ထားရှိပြီးဖြစ်တဲ့အတွက် အိန္ဒိယဘက်မှ အဆိုပြုချက်အသစ်ရရှိလို့ရှိရင် နှစ်ဖက်ကွင်းဆင်းလေ့လာ တိုင်းတာမှုများ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မကြာခင်က ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့က အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့မှာ ပြုလုပ်ခဲ့တဲ့ (၁၅) ကြိမ်မြောက် မြန်မာ-အိန္ဒိယ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ဒုတိယဝန်ကြီးအဆင့် မူဝါဒ ရေးရာညှိနှိုင်းဆွေးနွေးပွဲကို ကျွန်တော် တက်ရောက်ခဲ့ပါတယ်။ အဲဒီအစည်းအဝေးမှာ ညှိနှိုင်းချက်အရ အိန္ဒိယနိုင်ငံ ညွှန်ကြားရေးမှူးချုပ် (Joint Secretary) Mrs. Sripriya ဦးဆောင်တဲ့အဖွဲ့ဟာ ဩဂုတ် လ ၂၂ ရက်နေ့မှာ မြန်မာနိုင်ငံကိုလာရောက်ပြီးတော့ အဆိုပါကဘော်ချိုင့်ဝှမ်းကိစ္စနှင့်ပတ်သက်ပြီး တော့ ညွှန်/ချုပ်အဆင့် အစည်းအဝေးပြုလုပ်သွားမည်ဖြစ်ကြောင်းကို လွှတ်တော်ကိုယ်စားလှယ်များ သိရှိနိုင်ရန် အသိပေးတင်ပြအပ်ပါတယ်။

မြန်မာနှင့် ထိုင်းနိုင်ငံနယ်နိမိတ်နှင့်ပတ်သက်လို့တော့ ၁၉၉၁ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့မှာ အရှည် ၃၆ မိုင်ရှိတဲ့ မဲဆိုင်မဲဟောက်ချောင်းကိုသာ စနစ်တကျသတ်မှတ်နိုင်ခဲ့ခြင်းရှိပါသေးတယ်။ ကျန်နေသေးတဲ့ နယ်နိမိတ်အစိတ်အပိုင်းတွေကို စနစ်တကျပြန်လည်သတ်မှတ်နိုင်ရန်အတွက် ၁၉၉၃ ခုနှစ်မှာ ပူးတွဲနယ်နိမိတ်ကော်မတီကို ဖွဲ့စည်းခဲ့ပြီးတော့ ၂၀၁၃ ခုနှစ် စက်တင်ဘာလအထိ (၈) ကြိမ်မြောက်အစည်းအဝေးကျင်းပခဲ့ပါတယ်။ အဲဒီအစည်းအဝေးမှာ နယ်နိမိတ်အား အပိုင်းလိုက် တိုင်းတာသတ်မှတ်သွားရန် ပထမအဆင့်အနေဖြင့် တောင်ဘက်စွန်းမှာရှိတဲ့ ပတ်ချန်မြစ်နဲ့ ယင်းရဲ့ မြောက်ဘက်ကုန်းပိုင်း စုစုပေါင်း မိုင် ၂၀၀ ခန့်ကို တိုင်းတာသတ်မှတ်ရေးအတွက် ကောင်းကင်ဓာတ်ပုံ ရိုက်ကူးရေး၊ မြေပုံထုတ်လုပ်ရေးနှင့် နယ်နိမိတ်တိုင်းတာရေး သဘောတူညီချက် (MOU) ရေးဆွဲချုပ်ဆို

နိုင်ရေးတို့ကို ဆောင်ရွက်သွားဖို့အတွက် နှစ်ဖက်ညှိနှိုင်းသဘောတူခဲ့ကြပါတယ်။ ယခုအခါ အဆိုပါ နှစ်ဖက်ညှိနှိုင်းထားပြီးဖြစ်တဲ့ နယ်နိမိတ်တိုင်းတာရေးကိစ္စကို ယခုနှစ် ပွင့်လင်းရာသီမှာ လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် မြန်မာ-ထိုင်းပူးတွဲနယ်နိမိတ်ကော်မတီ (၉)ကြိမ်မြောက် အစည်းအဝေးကို မြန်မာနိုင်ငံမှာ လက်ခံကျင်းပဆောင်ရွက်သွားဖို့အတွက် သံတမန်လမ်းကြောင်း ကနေပြီးတော့ ညှိနှိုင်းဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

လက်ရှိအစိုးရတာဝန်ယူပြီးတဲ့နောက် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ နိုင်ငံခြားဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ဟာ ထိုင်းနိုင်ငံကို တရားဝင်ခရီးသွားရောက်ခဲ့ပါတယ်။ အဲဒီတရားဝင်ခရီး သွားရောက်စဉ်အတွင်းမှာ ယခင်က အကြောင်းအမျိုးမျိုးကြောင့် တိုင်းတာနိုင်ခြင်းမရှိခဲ့တဲ့ နယ်နိမိတ် များကို စတင်တိုင်းတာသတ်မှတ်ရေးအတွက် နှစ်နိုင်ငံခေါင်းဆောင်များအကြား သဘောတူညီခဲ့ကြပါ တယ်။ စက်တင်ဘာလ ၁၆၊ ၁၇ ရက်ခန့်မှာ ထိုင်းနိုင်ငံကနေပြီးတော့ ညွှန်ကြားရေးမှူးချုပ်အဆင့် ဦးဆောင်တဲ့ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံကိုလာရောက်ပြီးတော့ နယ်နိမိတ်တိုင်းတာရေးကိစ္စများ ပြန်လည်စတင်ဖို့အတွက် ကြိုတင်ပြင်ဆင်ညှိနှိုင်းမှုတွေ ပြုလုပ်သွားဖို့ စီစဉ်ထားပြီးဖြစ်ပါတယ်။ ယခု အခါမှာ မြန်မာ-ထိုင်းနယ်စပ်ဒေသမှာ ငြိမ်းချမ်းရေးအခြေအနေတိုးတက်ကောင်းမွန်နေပြီဖြစ်တဲ့ အတွက် ယခင်က နယ်မြေလုံခြုံရေးကြောင့် မတိုင်းတာနိုင်ခဲ့တဲ့ နယ်နိမိတ်တွေကို ပြန်လည်စတင် တိုင်းတာရေးအတွက် ထိုင်းနိုင်ငံအစိုးရနှင့် ယခုနှစ်အတွင်းမှာ အမြန်ဆုံးစတင်ဆောင်ရွက်သွားတော့ မှာဖြစ်ပါတယ်။ နောင်လာနောက်သားတွေအားလုံးအတွက် အမွေကောင်းတွေထားနိုင်ဖို့အတွက် နယ်နိမိတ်တိုင်းတာရေးကိစ္စတွေကို အချိန်ဆိုင်းမထားဘဲနဲ့ ဆောလျင်စွာစတင်ဆောင်ရွက်နိုင်ရေး အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဌာနတွေနှင့် ပူးပေါင်းဆောင်ရွက်ပြီးတော့ လိုအပ်သောပြင်ဆင်မှုများကို ပြုလုပ်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အနေဖြင့် နယ်နိမိတ်တိုင်းတာမှုမပြီးပြတ်သေးသော အိန္ဒိယနိုင်ငံနှင့် ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ်တိုင်းတာရေးအတွက် သံတမန်လမ်းကြောင်းမှတစ်ဆင့် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ကို တင်ပြအစီရင်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ရခိုင်ပြည်နယ်ရှိ(မြေပုံ-ကံသာ-ကပိုင်)လမ်း ၉ မိုင် ၁ ဖာလုံအား ကတ္တရာလမ်းခင်းနိုင်ရန်အတွက် မည်သို့ စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်း၊ (မြေပုံ-ကံသာ-ကပိုင်)လမ်းပေါ်ရှိ ပွိုန်ရှည်တံတားနှင့်ကျောင်း ဂမော်တံတားတည်ဆောက်မည့်အစီအစဉ်တို့နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်း ဖြစ်ပါတယ်။ အခုမေးမြန်းရမယ့်မေးခွန်းကတော့ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဤမြေပုံ-ကံသာ-ကပိုင်လမ်းဟာဆိုလို့ရှိရင် ၉ မိုင် ၁ ဖာလုံရှည်ပြီးတော့ ထွက်ပေါက်ပိတ်နေတဲ့ မြေပုံမြို့နှင့် စစ်တွေ-ရန်ကုန်အဝေးပြေးလမ်းမကြီးကို ဆက်သွယ်ပေးတဲ့လမ်းဖြစ်ပါတယ်။ Power Point ဖြင့် တင်ပြခွင့်ပြုပါခင်ဗျား။ မြေပုံမြို့ကတော့ ပင်လယ်ကမ်းစပ်မှာ တည်ရှိပြီးတော့ အခြားမြို့တွေနှင့် ကုန်းလမ်းရော၊ ရေလမ်းရော လုံးဝတိုက်ရိုက်အဆက်အသွယ်ပြတ်တောက်သွားတဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။ ဒါကတော့ စစ်တွေဘက်ကို သွားမယ်ဆိုရင် မင်းပြားတစ်ဘက်ကမ်းအထိလာပြီးတော့ မိုင် ၂၀ လောက်ခရီးကို မင်းပြားထွက်မယ့်သင်္ဘောကို၊ ရှပ်ပြေးယာဉ်ကို လာစောင့်ပြီးတော့ စီးရတဲ့ ကြပ်စင်မြစ်ဖြစ်ပါတယ်။ တစ်ဘက်ကမ်းမှာ မြင်နေရတဲ့တိုင်တွေကတော့ ကြပ်စင်မြစ်ကူးတံတားတိုင်တွေ ဖြစ်ပါတယ်။ ဘတ်ဂျက်နှစ်နှစ်အတွင်းမှာ တိုင်ငါးတိုင်ပဲ ပြီးပါသေးတယ်။ ဒီတံတားနဲ့ ဖွားဖက်တော်တံတားတစ်စင်းဖြစ်တဲ့ ဧရာဝတီထီးချိုင့်တံတားဆိုရင် နှစ်နှစ်အတွင်းမှာ တံတားတစ်စင်းလုံးပြီးသွားပါပြီ။ ဘာကြောင့် ဒီလိုဘဏ္ဍာခွဲဝေမှုမညီမျှသလဲဆိုတာတော့ ဝန်ကြီးဌာနကပဲ ဖြေရှင်းပေးနိုင်လိမ့်မယ်လို့ထင်ပါတယ်။ ဒါကတော့ မနက်သုံးနာရီကတည်းကလာပြီးတော့ မိုင် ၂၀ ခရီးကို လာပြီးတော့ ကူးတို့စောင့်နေရတဲ့ ခရီးသည်တွေ ဖြစ်ပါတယ်။ ဒီလမ်းကတော့ အခု ကျွန်တော်တင်ပြတဲ့ လမ်းဖြစ်ပါတယ်။ စစ်တွေ-ရန်ကုန်အဝေးပြေးလမ်းမနဲ့ ချိတ်ဆက်ထားတဲ့လမ်းဖြစ်ပြီးတော့ အဲဒီမှာ ပေ ၁၅၀ ရှိတဲ့ ပဲကောက်ချောင်းတံတားတစ်ခုကိုပဲ ထိုးရပါသေးတယ်။ အဲဒီ ပဲကောက်ချောင်းတံတားကတော့ မနှစ်က ဒီလိုပြီးစီးသွားပါပြီခင်ဗျား။ ပေ ၁၅၀ ရှည်ပါတယ်။ အဲဒီမှာ ကျွန်တော် အခု ဒီဘက်က Power Point နဲ့ပြတာကတော့ ပွိုန်ရှည်ချောင်းဖြစ်ပါတယ်။ အဲဒီမှာ တံတားထိုးရင် ပေ ၁၀၈၀ တံတားထိုးရမယ်လို့ သိရပါတယ်။ ဟိုဘက်ကတော့ ကျောင်းဂမော်မြစ်ကူးတံတား ဖြစ်ပါတယ်။ ပေ ၂၃၅၀ ရှိမယ့်တံတား ဖြစ်ပါတယ်။ ဒီတံတားနှစ်စင်းကို မထိုးနိုင်တဲ့အတွက် ကျွန်တော်တို့ဟာ ဘယ်လိုမှ စစ်တွေ

**မူကြမ်း**

လမ်းမကြီးကို မပေါက်ရောက်နိုင်တဲ့အတွက် ကျွန်တော်မြို့ကလည်းပဲ အဲဒီမှာ ဒီလိုကုန်းပိတ်ဒေသ တစ်ခုအဖြစ် ဘယ်မှခရီးမရောက်ဘဲ ဖြစ်နေပါတယ်။ ဒီလမ်းကောင်းမွန်ရေးအတွက် ကျွန်တော့်အနေနဲ့ အခု လွှတ်တော်မှာ မေးခွန်းတင်ပြမှာ ဖြစ်ပါတယ်။ ဒီလို ၉ မိုင် ၁ ဖာလုံရှိတဲ့လမ်းကို ကျွန်တော်တို့က ဒီလောက်အချိန်အများကြီးစောင့်ပြီး လုပ်နေရတဲ့အပေါ်မှာ၊ တံတားတွေလည်းမထိုးတဲ့အပေါ်မှာ ကျွန်တော့်အနေနဲ့ မေးခွန်းအဖြစ် တင်ပြမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်း(၁)ကတော့ မြေပုံ-ကံသာ-ကပိုင်လမ်း ၉ မိုင် ၁ ဖာလုံအား ကတ္တရာလမ်းခင်းရန်အတွက် မည်သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုပါတယ်။ အဲဒီကိစ္စနှင့်ပတ်သက်ပြီးတော့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ဒီလမ်းကို ကတ္တရာခင်းပေးမယ်ဆိုပြီးတော့ ပြည်ထောင်စုဝန်ကြီးဌာနက စာဖြင့် ဖြေကြားထားပါတယ်ခင်ဗျား။ မေးခွန်း(၂) ကတော့ ကပိုင်-ကံသာလမ်းပေါ်မှာရှိတဲ့ ပွင့်ရှည်တံတားနှင့် ကျောင်းဂမော်တံတား တည်ဆောက်မယ့် အစီအစဉ်များကိုလည်း သိရှိလိုပါတယ်။ မေးခွန်း(၃)ကတော့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရ စီမံခန့်ခွဲမှုအောက်မှာရှိတဲ့ လမ်းတံတားတည်ဆောက်ရေးအတွက် ဘဏ္ဍာခွဲဝေမှုဟာ နည်းပါးကြန့်ကြာပြီးတော့ ပြည်ထောင်စုအစိုးရစီမံခန့်ခွဲမှုအောက်မှာရှိတဲ့ လမ်းတံတားတည်ဆောက်ရေးအတွက် ဘဏ္ဍာခွဲဝေမှုဟာ များပြားတယ်၊ လုပ်ငန်းများမြန်ဆန်တယ်ဆိုတာ အဲဒါအမှန်တကယ်ဖြစ်ပါသလားလို့ လေးစားစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ မြေပုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဖေသန်းမှ မေးမြန်းထားတဲ့ မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်မှာရှိတဲ့ မြေပုံ-ကံသာ-ကပိုင်လမ်းဟာ ဆိုရင် မြေပုံမြို့နယ်မှ ရန်ကုန်-စစ်တွေကားလမ်းမကြီး မိုင်တိုင်(၆၉/၀)ကို ခွဲထွက်သွားတဲ့လမ်းဖြစ်ပြီး တော့ မိုင်တိုင်(၃/၃)ကနေပြီးတော့ မိုင်တိုင်(၁၂/၄)အထိ ၉ မိုင် ၁ ဖာလုံ ရှည်လျားပါတယ်။ အဆိုပါလမ်းဟာဆိုရင် ပြည်နယ်အစိုးရအဖွဲ့ကနေပြီးတော့ စီမံခန့်ခွဲတဲ့လမ်းဖြစ်ပြီးတော့ ၃၁-၃-၂၀၁၆ ရက်နေ့မှာ လမ်းအခြေအနေကတော့ ကျောက်လမ်း ၈ မိုင် ၄ ဖာလုံ၊ တံတားတည်ဆောက်ရန် ချန်လှပ် နေရာ ၅ ဖာလုံ စုစုပေါင်း ၉ မိုင် ၁ ဖာလုံ ဖြစ်ပါတယ်။ မြေပုံ-ကံသာ-ကပိုင်လမ်းမှာဆိုရင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်ကနေပြီးတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ပြည်ထောင်စု/ပြည်နယ်ရန်ပုံငွေ ကနေပြီးတော့ ကျပ်ပေါင်း ၂၆၁၁.၈၄ သန်းနှင့် ၁၆ ပေအကျယ် တစ်ကြောင်းထိုးလမ်းဖောက်လုပ်ခြင်း ၉ မိုင် ၁ ဖာလုံ၊ ၁၄ ပေအကျယ်လမ်းတာပေါင် တည်ဆောက်ခြင်း ၆ မိုင် ၃ ဖာလုံ၊ ကျောက်ချော လမ်းခင်းခြင်း ၈ မိုင် ၄ ဖာလုံ၊ ပေ ၁၂၀ ပဲကောက်တံတားနှင့် ရေပြွန်တည်ဆောက်ခြင်း၊ ရေပြွန်တံတားစုစုပေါင်း ၃၆ စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီးစီးပြီး ဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ပြည်နယ်ရန်ပုံငွေဖြင့် မြေပုံ-ကံသာ-ကပိုင်လမ်းပေါ်ရှိ ဇင်ရော် မော်တောင်ကုန်း၊ ဝါးရုံတောင်ကုန်းနှင့် အခြားတောင်ကုန်း ရှစ်နေရာမှာ Gradient နှိမ့်ချပြီးတော့ ကျောက်လမ်းခင်းခြင်းဖြင့် ရာသီမရွေးသွားလာနိုင်စေရန် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်၊ မြေပုံမြို့နယ်အတွင်းမှာရှိတဲ့ မြေပုံ-ကံသာ-ကပိုင်လမ်း၊ မိုင်တိုင်(၇/၀) ကနေပြီးတော့ မိုင်တိုင်(၇/၂)အတွင်းမှာရှိတဲ့ ပြွန်ရှည်တံတားဟာဆိုရင် ပေ ၁၂၀၀ အရှည်ရှိပြီးတော့ နှစ်လမ်းသွားကွန်ကရစ်တံတားအမျိုးအစားဖြင့် တည်ဆောက်မယ်ဆိုရင် စီမံကိန်းခန့်မှန်းတန်ဖိုးက ကျပ်သန်းပေါင်း ၄၈၀၀ ဖြစ်ပြီးတော့ မိုင်တိုင်(၉/၆)နဲ့ မိုင်တိုင်(၁၀/၀)အတွင်းမှာရှိတဲ့ ကျောင်းဂမော် တံတားဟာဆိုရင် ပေအရှည်အားဖြင့် ၃၄၅၀ ပေအရှည်ရှိပြီးတော့ သံမဏိသံပေါင်တံတားအမျိုး အစားနဲ့ တည်ဆောက်မယ်ဆိုရင် စီမံကိန်းခန့်မှန်းတန်ဖိုးငွေဟာဆိုရင် ကျပ်သန်းပေါင်း ၁၅၅၂၅ သန်း ဖြစ်ပါတယ်။ အဆိုပါတံတားနှစ်စင်းရဲ့စီမံကိန်းတန်ဖိုး စုစုပေါင်းကတော့ ကျပ် ၂၀.၃၂၅ ဘီလီယံဖြစ်ပြီး တော့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေခွဲဝေရရှိမှုဟာဆိုရင် ကျပ် ၂၅.၅၀၈ ဘီလီယံခန့်သာ ရရှိတဲ့အတွက် ပြည်နယ်ရန်ပုံငွေလျာထားချက်တွင် ထည့်သွင်းဆောင်ရွက်နိုင်ခြင်းမရှိဘဲနဲ့ ရန်ပုံငွေ ရရှိမှုအပေါ်မူတည်ပြီးမှသာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှာဖြစ်တဲ့အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ပြီးစီးအောင်ဆောင်ရွက်နိုင်မှုမရှိပါဘူး။ မြေပုံ-ကံသာ-ကပိုင်လမ်းမှာရှိတဲ့

တံတားကြီးနှစ်စင်းတည်ဆောက်ရန် ရန်ပုံငွေများစွာ လိုအပ်မှာဖြစ်ပြီးတော့ လမ်းအပိုင်းကိုသာ လောလောဆယ်တော့ ရာသီမရွေးသွားလာနိုင်အောင် စီမံဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် မြေပုံမြို့နယ်ကနေပြီးတော့ ရန်ကုန်-စစ်တွေလမ်းကို မြေပုံ-မင်းပြားလမ်းကနေပြီးတော့လည်း သွားလာနိုင်အောင် စီစဉ်ထားပါတယ်။ မြေပုံ-မင်းပြားလမ်းဟာဆိုရင် စုစုပေါင်း ၂၄ မိုင် ၇ ဖာလုံ ရှည်လျားပြီးတော့ ကတ္တရာလမ်း ၃ မိုင် ၄ ဖာလုံနှင့် ကျောက်လမ်း ၂၁ မိုင် ၃ ဖာလုံ ရှိပါတယ်။ မြေပုံ-မင်းပြားလမ်း မိုင်(၂၂/၄)နဲ့ (၂၃/၁)အတွင်းမှာရှိတဲ့ ကြပ်စင်တံတားဟာဆိုရင် ပေ ၁၉၂၀ ရှည်ပြီးတော့ စီမံကိန်းတန်ဖိုးဟာဆိုရင် ချဉ်းကပ်လမ်းအပါအဝင် ကျပ်သန်းပေါင်း ၁၁၉၀၀ ဖြစ်ပါတယ်။ အဆိုပါတံတားအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကနေပြီးတော့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အထိ ပြည်နယ်ရန်ပုံငွေ စုစုပေါင်း ကျပ်သန်းပေါင်း ၁၉၃၄.၁၈၇ သန်းရရှိထားပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ နှစ်စဉ်ရန်ပုံငွေ တင်ပြတောင်းခံပြီးတော့ ရန်ပုံငွေလုံလောက်စွာရရှိပါက ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်းမှာ ရာခိုင်နှုန်း ၁၀၀ အပြည့်ပြီးစီးအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကြပ်စင်တံတားတည်ဆောက်နေစဉ်အတွင်းမှာလည်း ဇက်နဲ့ကူးပြီးတော့ မြေပုံ-မင်းပြားလမ်းကနေတစ်ဆင့် ရန်ကုန်သို့မော်တော်ကားဖြင့် သွားလာနိုင်ရန် စီစဉ်ထားရှိပေးပါတယ်။ မြေပုံ-မင်းပြားလမ်းအား ကတ္တရာလမ်းအဆင့်ရောက်ရှိရန် ဘဏ္ဍာနှစ်အလိုက်ရရှိတဲ့ ရန်ပုံငွေအပေါ်မူတည်ပြီးတော့ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လမ်းတံတားလုပ်ငန်းများ အသစ်တည်ဆောက်ရာမှာဆိုရင် နိုင်ငံတစ်ဝန်း လမ်းကွန်ရက်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ဦးတည်ပြီးတော့ နှစ်တို၊ နှစ်ရှည်စီမံကိန်းများရေးဆွဲပြီးတော့ နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေခွဲဝေပေးနိုင်မှုအပေါ်မူတည်ပြီးတော့ ဦးစားပေးအစီအစဉ်များ ရေးဆွဲပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့ ပြည်ထောင်စုအစိုးရအဖွဲ့မှ စီမံခန့်ခွဲသော လမ်းတံတားများဖြစ်စေ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရမှ စီမံခန့်ခွဲသော လမ်းတံတားများဖြစ်စေ စီမံကိန်းရေးဆွဲထားမှု ဦးစားပေးအစီအစဉ်နှင့် ရန်ပုံငွေရရှိမှုအပေါ်တွင်သာမူတည်၍ အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းသာဖြစ်ပြီးတော့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရစီမံခန့်ခွဲမှုအောက်ရှိ လမ်းတံတားတည်ဆောက်ရေးအတွက် ဘဏ္ဍာငွေခွဲဝေမှုဟာ နည်းပါးကြန့်ကြာပြီးတော့ ပြည်ထောင်စုအစိုးရစီမံခန့်ခွဲမှုအောက်မှာရှိတဲ့ လမ်းတံတားတည်ဆောက်ရေးအတွက် ဘဏ္ဍာငွေခွဲဝေမှုဟာ များပြားသဖြင့် လုပ်ငန်းများမြန်ဆန်ခြင်းဖြစ်သည်ဆိုသည်မှာလည်း မှန်ကန်မှုမရှိပါဘူး။

**မူကြမ်း**

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ရခိုင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှုလွယ်ကူမြန်ဆန် ချောမွေ့စေရေးကို အစဉ်အလေးထားဆောင်ရွက်လျက်ရှိပြီးတော့ ရခိုင်ပြည်နယ်အတွင်းရှိ လမ်းများ၊ တံတားများအား အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအား ဘဏ္ဍာနှစ် အလိုက် ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဦးဖေသန်း(မြေပုံမဲဆန္ဒနယ်)**။ ။ ပြည်ထောင်စုဝန်ကြီးအနေနဲ့ အခုလို ရှင်းပြတာကို ကြားရလို့ ကျွန်တော့်အနေနဲ့ သိရှိရပါတယ်။ ဒါပေမဲ့ ဝမ်းသာစရာစကားတစ်ခွန်းမှတော့ မကြားပါဘူး။ ဒီဘက်က ကျွန်တော်တင်ပြတာက ကပိုင်-ကံသာလမ်း ၉ မိုင် ၁ ဖာလုံကို ဝန်ကြီးဌာနအနေနဲ့ ကျွန်တော်တို့ကို စာဖြင့် ကတိပေးခဲ့တာရှိပါတယ်။ အဲဒါကတော့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ၉ မိုင် ၁ ဖာလုံ ကတ္တရာလမ်းခင်းခြင်းကို ဆောင်ရွက်ပါမည်ဆိုပြီးတော့ ဝန်ကြီးဌာနရဲ့ ၁၇-၆-၂၀၁၄ ရက်စွဲပါ စာအမှတ်၊ ၁/ခွဲ-၂/ထွေ/၂၀၁၄(လွှတ်တော်)(C ၇၁၇၈) ဖြင့် လက်မှတ်ထိုးပြီးတော့ ကတိပေးထားတာ ရှိပါတယ်။ အဲဒီတော့ ဒီဟာကို အခုဖြေတဲ့အခါမှာတော့ ဝန်ကြီးဖြေတာလည်း အဲဒီအတိုင်းပါပဲ။ ဘာမှ ကတ္တရာလမ်းခင်းတာ မရှိသေးပါဘူး။ ကျောက်ခင်းလမ်းပဲ ရှိပါသေးတယ်။ ဒါနဲ့ပတ်သက်လို့လည်း ဝန်ကြီးဆီက ကတ္တရာလမ်းခင်းခြင်းနှင့်ပတ်သက်ပြီးတော့လည်း ဘာမှ ကျွန်တော်အဖြေမရလိုက် ပါဘူး။ အဲဒီတော့ ဝန်ကြီးပြောတဲ့အထဲမှာ ရာသီမရွေးသွားလာနိုင်တဲ့လမ်းဖြစ်ပါပြီလို့လည်း ပြော တယ်။ တံတားကလည်း တစ်စင်းမှမဆောက်ရသေးဘူး။ အဲဒီတော့ ကျွန်တော်တို့အခက်အခဲက ကျွန်တော်အခုနကပြောသလို ရေကြောင်းအားဖြင့် မြေပုံမြို့ဟာ ဒီအောင်တံခွန်သင်္ဘောနစ်မြုပ် ကတည်းက တိုက်ရိုက်အဆက်အသွယ်မရှိတော့ပါဘူး။ စစ်တွေကို သွားမယ်ဆိုရင်လည်း မနက် လေးနာရီ၊ သုံးနာရီလောက်က ထပြီးတော့ မင်းပြားနဲ့တစ်ဘက်ကမ်း အဲဒီကြပ်စင်မော်ကသွားပြီး စောင့်ရပါတယ်။ အဲဒီလို အခက်အခဲမျိုးဖြစ်နေပါတယ်။ မင်းပြား-မြေပုံလမ်းကောင်းပြီလားဆိုတော့ လည်း မကောင်းဘူး။ ဝန်ကြီးကတော့ ကတိပေးပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ ရာခိုင်နှုန်းပြည့် ဆောင်ရွက်ပေးပါ့မယ်။ ဒါပေမဲ့ ရှေ့ကတော့ ဘဏ္ဍာငွေတောင်းခံမှု အလုံအလောက်ရရှိရင်ဆိုတဲ့ စကားနဲ့ ပိတ်ထားတော့ အဲဒါလည်း ဘယ်လိုမှမသေချာတော့ပါဘူး။ အဲဒီတော့ ကျွန်တော်တို့ရဲ့ အခက် အခဲကို ဒီနှစ်စဉ် ရခိုင်ပြည်နယ်အစိုးရရဲ့ ဘဏ္ဍာငွေခွဲဝေမှုက အားနည်းတော့ ပြည်နယ်အစိုးရရဲ့ လုပ်ငန်းဆောင်တာတွေဖြစ်တဲ့အတွက်နဲ့ ရခိုင်ပြည်နယ်ဒေသမှာ ဒီလိုတံတားကြီးတွေ အများကြီးပဲ

ရှိပါတယ်။ တိုးလိုးတန်းလန်းနဲ့ မပြီးသေးတာ၊ မလုပ်နိုင်တာ အများကြီးပဲရှိပါတယ်။ အဲဒါကြောင့်လည်း ကျွန်တော်တို့ဒေသခံတွေက ဘာကြောင့် ဒီလိုကြာနေရတာလဲ။ ပြည်မတွေမှာဆိုတော့ တစ်နှစ် တစ်စင်းလောက်ကို ဆောက်နိုင်တယ်။ ကျွန်တော်အခုနကပြောတဲ့ ဧရာဝတီထီးချိုင့်တံတား နှစ်နှစ်ပဲ ကြာပါတယ်ခင်ဗျား။ ပြီးပါပြီ။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရရဲ့ ရန်ပုံငွေနဲ့တည်ဆောက်တာပါ။ အဲဒီလို ဘတ်ဂျက်ခွဲဝေမှုတွေ မညီမျှမှုကြောင့် ကျွန်တော်တို့မှာ တစ်ဖက်က လမ်းပန်းဆက်သွယ်ရေး ခက်ခဲသလို တစ်ဖက်က ကျွန်တော်တို့တိုင်းရင်းသားဒေသတွေမှာ အဲဒီလိုရင်ထဲမှာ ခံစားမှုတွေ အများကြီး ဖြစ်ပေါ်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ မေးခွန်းမမေးတော့ပါဘူး။ ဒီကိစ္စတွေကို ပြည်ထောင်စုအစိုးရအနေနဲ့ အကောင်းဆုံးဖြစ်အောင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုး တိုးတက်ရေးဆိုတဲ့ ခေါင်းစဉ်အောက်မှာ လုပ်ပေးနိုင်ရင်တော့ ပိုပြီးတော့အဆင်ပြေမယ်လို့ ယူဆပါ ကြောင်း တင်ပြပါတယ်ခင်ဗျား။ လေးစားစွာဖြင့်။ ကျေးဇူးတင်ပါတယ်။

**တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်ရှိ အားကစားပန်းခြံအား ပြန်လည်ခွင့်ပြုပေးနိုင်ပါရန်နှင့် မည်သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ** ။ ။ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာစောနိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစောနိုင်(တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ကြွရောက်လာသော ဧည့်သည်တော်များအားလုံးကို ဂါရဝပြုနှုတ်ဆက်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တောင်ဥက္ကလာပ မဲဆန္ဒနယ်မှ ဒေါက်တာစောနိုင်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၅၈ ခုနှစ် တောင်ဥက္ကလာပမြို့နယ်ကို စတင်တည်ထောင်စဉ်ကပင် ရပ်ကွက်တိုင်း၏ ထောင့်နေရာမြေကွက်များ ကို ချန်လှပ်ထားရှိပြီး အပန်းဖြေပန်းခြံအဖြစ်လည်းကောင်း၊ အားကစားကွင်းအဖြစ်လည်းကောင်း၊ မီးတားမြေအဖြစ်လည်းကောင်း ပြုလုပ်ခဲ့ပါတယ်။ Power Point သုံးခွင့်ပြုပါခင်ဗျား။ ဒီပုံတွေကတော့ ရပ်ကွက်တိုင်း တောင်ဥက္ကလာပမြို့နယ်မှာရှိတဲ့ ရပ်ကွက်တိုင်းရဲ့ ထောင့်တွေမှာ အားကစား၊ ပန်းခြံရှိ တယ်ဆိုတာ ဖော်ပြထားတာပဲဖြစ်ပါတယ်။ အခုမြင်နေရတဲ့(၉)ရပ်ကွက် သစ္စာလမ်းနှင့်ဝေဇယန္တာလမ်း ထောင့်မှာရှိတဲ့ မြေကွက်လပ်ဟာ အားကစားပန်းခြံအဖြစ် တည်ရှိတယ်ဆိုတာ တောင်ဥက္ကလာပမြို့နယ် မှာနေထိုင်တဲ့ အသက် ၄၅ နှစ်ကျော်တဲ့သူအားလုံး သိရှိပြီးဖြစ်ပါတယ်။ အဲဒီပန်းခြံမရှိတဲ့အတွက် ဒီတောင်ဥက္ကလာပမြို့နယ် (၉)ရပ်ကွက်မှာ ပန်းခြံတစ်ခုမှမရှိဘူးဖြစ်နေပါတယ်။ ဒီမြေကွက်ကို ၁၉၉၀

ခုနှစ်လောက်မှာ အသင်းတစ်ခုကရယူပြီး ဆိုင်ခန်းများငှားရမ်းခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်လောက်မှာတော့ ပါတီတစ်ခုကနေပြီးတော့ ကွန်ဒိုဆောက်လုပ်ဖို့ စီစဉ်ခဲ့ပါတယ်။ ဒီပုံတွေကတော့ စတင်တည်ဆောက်တဲ့ အနေအထားကို ပြတာဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလမှာ တောင်ဥက္ကလာမြို့သူမြို့သားတွေ စုပေါင်းလက်မှတ်ထိုးပြီးတော့ ၎င်းပန်းခြံနေရာပြန်လည်ရရှိဖို့ တင်ပြတောင်းဆိုခဲ့ကြပါတယ်။ ဒီစာက တော့ ၂၀၁၃ ခုနှစ်က နိုင်ငံတော်သမ္မတကို တင်ပြထားတဲ့စာဖြစ်ပါတယ်။ ၁၄-၈-၂၀၁၃ ခုနှစ်မှာတော့ တောင်ဥက္ကလာပမြို့နယ် ပြည်သူပြည်သားများဟာ အားကစားပန်းခြံ ပြန်လည်ရရှိဖို့ကို ဆန္ဒဖော်ထုတ် ခဲ့ကြပါတယ်။ ဆန္ဒဖော်ထုတ်ပြီးနောက်မှာ ဆောက်လုပ်ရေးလုပ်ငန်းတွေ ရပ်ဆိုင်းသွားခဲ့ကြပါတယ်။ တစ်နှစ်လောက်အကြာမှာတော့ ၂၀၁၄ ခုနှစ်လောက်မှာ ၎င်းနေရာမှာ ဆောက်လုပ်ရေးလုပ်ငန်းတွေ ပြန်လည်စတင်ခဲ့တဲ့အတွက် ၂၁-၁၂-၂၀၁၄ ရက်နေ့မှာ တောင်ဥက္ကလာပမြို့နယ် ပြည်သူပြည်သားတွေ ဟာ ဒုတိယအကြိမ် ဆန္ဒဖော်ထုတ်ခဲ့ကြပါတယ်။ ဒုတိယအကြိမ် ဆန္ဒဖော်ထုတ်ပြီးနောက်မှာ ဆောက်လုပ်ရေးလုပ်ငန်းတွေလည်း ပြန်လည်ရပ်ဆိုင်းသွားခဲ့ပါတယ်။ ကျွန်တော်တို့ အစိုးရသစ် တက်ပြီး မေလလောက်မှာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဆီလိပ်မူပြီး အားကစားပန်းခြံပြန်လည် ရရှိဖို့ကို ရပ်ကွက်သူရပ်ကွက်သားများဟာ လက်မှတ်ရေးထိုးတင်ပြခဲ့ပါတယ်။ ဒါဟာ လက်မှတ်ရေးထိုး ထားတဲ့ မိတ္တူတချို့တင်ပြတာဖြစ်ပါတယ်။ ၂၇-၆-၂၀၁၆ ခုနှစ်တွင် ရန်ကုန်တိုင်းဝန်ကြီးချုပ်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံပွဲမှာလည်း အားကစားပန်းခြံအဖြစ် ပြန်ပေးဖို့ကို ကျွန်တော့်အနေနဲ့ တင်ပြတဲ့အခါ ဝန်ကြီးချုပ်ကြီးက အများပြည်သူပိုင်သော မြေနေရာများကို ပြည်သူ့ လက်ထဲပြန်လည်ရောက်ရှိဖို့ ဆောင်ရွက်နေတယ်လို့ ပြောကြားခဲ့ပါတယ်။ ၁၀-၇-၂၀၁၆ ရက်နေ့မှာ ဆောက်လုပ်ရေးလုပ်ငန်းတွေ ပြန်လည်စတင်နေလို့ ပြည်သူများ သွားရောက်ကြည့်ရှုမေးမြန်းတဲ့အခါ ပိုင်ရိုက်ခွင့်သာပြုထားပြီး အဆောက်အဦဆောက်လုပ်ဖို့အဆင့်ကို ခွင့်မပြုထားတာ တွေ့ရှိရတဲ့ အတွက် ခရိုင်မြို့နယ်စည်ပင်မှ တားမြစ်စာထုတ်ပြန်ခဲ့ပါတယ်။ ဒီစာကတော့ ခရိုင်စည်ပင်ကနေ တားမြစ်စာထုတ်ထားတဲ့စာဖြစ်ပါတယ်။ ပိုင်ရိုက်ခွင့်ပြုထားတဲ့ အစိမ်းဘုတ်ရဲ့ ပိုင်ရှင်အမည်နေရာမှာ လည်း ပါတီတစ်ခုဖြစ်နေတာ တွေ့ရှိရမှာဖြစ်ပါတယ်။ တခြားမြို့နယ်မှာတော့ မသိပါဘူး။ တောင်ဥက္ကလာပမြို့နယ်မှာ မြေကွက်အလွတ်တွေ ကုန်သလောက်ဖြစ်နေပါပြီ။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲအပြီး အစိုးရသစ်အပေါ်မှာ ရပ်ကွက်သူရပ်ကွက်သား များဟာ အားကစားပန်းခြံ ပြန်လည်ရရှိဖို့ကို များစွာမျှော်လင့်နေကြပါတယ်။ ပန်းခြံအဖြစ်ပြန်လည်

ခွင့်မပြုဘူးဆိုရင် တောင်ဥက္ကလာပမြို့သူမြို့သားများ တော်တော်ခံစားရမှာဖြစ်ပြီး စိတ်ဒဏ်ရာများလည်း ရရှိမှာဖြစ်ပါတယ်။ မလိုလားအပ်သော ပြဿနာများလည်း ပေါ်ပေါက်လာနိုင်ပါတယ်။ သို့ဖြစ်ပါ၍ ၎င်းမြေနေရာအား အားကစားပန်းခြံအဖြစ် ပြန်လည်ခွင့်ပြုပေးပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ** ။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစောနိုင်မှ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ မေးမြန်းထားတဲ့ တောင်ဥက္ကလာပမြို့နယ်(၉)ရပ်ကွက်ရှိ အားကစားပန်းခြံအား ပြန်လည်ခွင့်ပြုပေးနိုင်ပါရန်နှင့် မည်သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ ကြယ်ပွင့်ပြမေးခွန်းပါမြေနေရာသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့မြေစာရင်း(Town Land Roll)တွင် တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၉)၊ မြေကွက်အမှတ်(၁၀၁၉)၊ ဧရိယာ ၀.၃၉ ဧက အမည်ပေါက်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်ဟု မှတ်သားထားပြီး မြေငှားစာချုပ်အမှတ် ၁/တဥ-၇၇၁/၂၀၀၂ အရ ၉-၆-၂၀၀၂ ရက်စွဲဖြင့် နှစ် ၆၀ မြေငှားစာချုပ် ဂရန် ခွင့်ပြုထုတ်ပေးခဲ့ခြင်းဖြစ်ပါတယ်။ အဆိုပါမြေကွက်သည် ၁၉၉၂-၁၉၉၃ ခုနှစ်(ယခင် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန)မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီသို့ လွှဲပြောင်းပေးအပ်စဉ်ကတည်းကပင် မြို့ကွက်ကျမြေပုံ(Block Map)တွင် ပန်းခြံ/ကလေးကစားကွင်းစသဖြင့် မှတ်သားပါဝင်မှုမရှိသည့် မြေကွက်လပ်ဖြစ်ပြီး မြို့မြေစာရင်း (Town Land Roll)နှင့် မြေငှားခစည်းကြပ်မှုစာရင်း(Assessment Roll)တို့တွင်လည်း အမည်ပေါက်

မှတ်သားပါဝင်မှုမရှိသည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေကွက်လပ်ဖြစ်ပါသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဖော်ပြပါမြေနေရာအား နှစ် ၆၀ မြေငှားဂရန်ခွင့်ပြု ထုတ်ပေးစဉ် ၂၀၁၂ ခုနှစ် ကာလများက ပုဂ္ဂလိကပိုင်အဖြစ် လွှဲပြောင်းပေးအပ်ခဲ့ခြင်းမဟုတ်ဘဲ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ တောင်ဥက္ကလာပမြို့နယ် ရုံးမြေနေရာအဖြစ် ခွင့်ပြု ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ အဆိုပါနှစ် ၆၀ မြေငှားစာချုပ်ဂရန်မြေအား အမည်ပြောင်းလျှောက်ထားမှုအရ ၁၆-၆-၂၀၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ကော်မတီဝင်များ အစည်းအဝေးအမှတ်စဉ်(၂၃/၂၀၁၄) အပိုဒ် (က/၇၀)ဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအမည်မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအမည်သို့ ပြောင်းလဲမှတ်သားခဲ့ခြင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ မြေကွက်အား နှစ် ၆၀ မြေငှားစာချုပ်ဂရန် ခွင့်ပြုဆောင်ရွက်ခြင်းသည် လျှောက်ထားစဉ်ကာလများ ဖြစ်သည့် ၂၀၁၂ ခုနှစ်ကာလများတွင် ပုဂ္ဂလိကတစ်ဦးတစ်ယောက်၏ အခွင့်အရေးနှင့် ပိုင်ရေးဆိုင် ခွင့်အရ ခွင့်ပြုချထားခဲ့ခြင်းမဟုတ်ကြောင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအမည် ဖြင့် ခွင့်ပြုဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် လက်ရှိအခြေအနေတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီအမည်ဖြင့်သာ ဆက်လက်တည်ရှိမည်ဖြစ်ပါကြောင်း ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ် ခင်ဗျား။

**ဒေါက်တာစောနိုင်(တောင်ဥက္ကလာပမဲဆန္ဒနယ်)**။ ။ နောက်ဆက်တွဲလေး တင်ပြခွင့် ပြုပါခင်ဗျား။ ခုန ဝန်ကြီးဖြေသွားတာက ဒီမြေဂရန်က အသင်းရဲ့မြေဂရန်လို့ပြောပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ အစိမ်းဘုတ်မှာကြည့်တော့ နိုင်ငံရေးပါတီတစ်ခုရဲ့ ပိုင်ရှင်နေရာမှာတွေ့ရပါတယ်။ ကျွန်တော်တို့ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ အခန်း(၂)၊ အပိုဒ် ၇ အပိုဒ်ခွဲ(ဂ)မှာလည်း နိုင်ငံတော်ပိုင် ငွေကြေး၊ အဆောက်အဦး၊ ယာဉ်၊ ပစ္စည်းတို့ကို တိုက်ရိုက်၍ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူခြင်းမပြုရဆိုတဲ့ အပိုဒ်လည်းပါပါတယ်။ နောက်တစ်ခုက ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်မှာ ဆုံးဖြတ်ထားတဲ့ အများပြည်သူပိုင်တဲ့မြေနေရာကို အများပြည်သူလက်ထဲပြန်လည်ရောက်ရှိဖို့

ဆုံးဖြတ်ချက်လည်းရှိပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဝန်ကြီးတို့အနေနဲ့ ဒီအားကစားပန်းခြံကိစ္စကို လေးလေးနက်နက် ပြန်လည်သုံးသပ်ပေးပါလို့ မေတ္တာရပ်ခံတင်ပြပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဖြေကြားပေးပါ။

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားခြင်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီး ခုနပြောတဲ့ကိစ္စနှင့်ပတ်သက်လို့ ကျွန်တော်တို့အနေနဲ့ကတော့ ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့ကို ပြန်လည်မေးမြန်းပြီးမှ ယခု ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ပြန်လည်မေးမြန်းတဲ့အခါမှာ ခုနက ဒေါက်တာစောနိုင် တစ်ဆက်တစ်စပ်တည်းမေးတဲ့ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ကိုးကားသွားတာပါ။ ဆက်စပ်ပြီးတော့ ဥပဒေနဲ့အညီဖြစ်အောင် မေးမြန်းပေးပါ။

**လားရှိုးမြို့တွင်းလမ်းများဖြစ်သော သိန်းနီလမ်း၊ ဘူတာလမ်းနှင့် နမ္မတူလမ်းတို့ကို တိုးချဲ့ခင်းပေးရန် အစီအစဉ်ရှိ/မရှိကိုသိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုင်းမောက်ခမ်း(လားရှိုးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ကျွန်တော့်အနေနဲ့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ လားရှိုးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် စိုင်းမောက်ခမ်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လားရှိုးမြို့ဟာ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရဲ့ အကြီးဆုံးမြို့ဖြစ်တဲ့ အားလျော်စွာ တခြားသောတိုင်းဒေသကြီး/ပြည်နယ်များနှင့် ဆက်သွယ်ရာလမ်းဆုံမှာတည်ရှိနေခြင်း၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းပေါ်မှာ တည်ရှိနေခြင်းကြောင့် စီးပွားရေး၊ ကုန်သွယ်ရေး၊ ပို့ဆောင်ရေး စတဲ့ကဏ္ဍပေါင်းစုံနဲ့ ဖွံ့ဖြိုးလာတဲ့မြို့ဖြစ်ပါတယ်။ ယင်းသို့ ဖွံ့ဖြိုးလာတာနှင့်အတူ အဆမတန်များပြားလာတဲ့ မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ သုံးဘီး၊ ထော်လာဂျီစတဲ့ ယာဉ်များ ဟာလည်း မြို့တွင်းလမ်းများပေါ်မှာ ပြည့်ကျပ်နေပြီး မကြာခဏဆိုသလို မတော်တဆယာဉ်တိုက်မှု မျိုးစုံနဲ့လည်း တွေ့ကြုံရင်ဆိုင်နေရပါတယ်။ ယခုလို ယာဉ်တိုက်မှုများ ပို၍များလာခြင်းဟာ တိုးတက် များပြားလာတဲ့အမြန်ယာဉ်၊ အနှေးယာဉ်တို့အတွက် လမ်းများကို အလျင်အမြန်တိုးချဲ့ပေးဖို့ လိုအပ်နေ

ကြောင်းပြနေတာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးဖို့ တင်ပြအပ်ပါတယ်။ အခုမြင်နေတဲ့ပုံတွေကတော့ လမ်းပေါ်မှာ ယာဉ်မျိုးစုံနဲ့ပြည့်ကျပ်နေတဲ့ မှတ်တမ်းဓာတ်ပုံတွေ ဖြစ်ပါတယ်။ သိန်းနီလမ်းပေါ်မှာပါ။ ဘူတာလမ်းပါ။

သို့ဖြစ်ပါ၍ မေးမြန်းလိုသည်မှာ မြို့တွင်းလမ်းများဖြစ်တဲ့ (၁) ကွတ်ခိုင်လမ်း၊ သိန်းနီလမ်း၊ မြို့တော်ခန်းမအဝိုင်းမှ ဘေလီတံတားအထိ သိန်းနီလမ်းနဲ့ ဗိုလ်ချုပ်လမ်း လမ်းဆုံမှ သုံးမြှောင့်ရေပန်းလမ်းဆုံထိ၊ (၂) ဘူတာလမ်း မြို့တော်ခန်းမအဝိုင်းမှ ဘူတာရုံထိ၊ (၃) နမ္မတူလမ်းခွဲမှ ပညာရေးကောလိပ်အထိလမ်းများကို ပလပ်ဖောင်းနဲ့ ရေမြောင်းများအပါအဝင် ဘေးနှစ်ဖက်သို့ တိုးချဲ့ပြုပြင်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုတဲ့အတွက် မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းခိုင်(ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုင်းမောက်ခမ်းမှ မေးမြန်းထားတဲ့ လားရှိုးမြို့တွင်းလမ်းများဖြစ်သော သိန်းနီလမ်း၊ ဘူတာလမ်းနှင့် နမ္မတူလမ်းတို့မှာ တိုးချဲ့ခင်းပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်းနှင့်စပ်လျဉ်းတဲ့ မေးခွန်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ သိန်းနီလမ်း(မူလလမ်းဟောင်း) ရေပန်းလမ်းဆုံကနေပြီးတော့ ဆေးရုံရှေ့လမ်းမတော်လမ်းအထိဟာဆိုရင် လားရှိုးမြို့နယ် စည်ပင်သာယာရေးဌာနပိုင်လမ်းဖြစ်ပြီးတော့ စုစုပေါင်း ပေ ၂၅၆၇ ပေ ရှည်လျားပါတယ်။ အဆိုပါလမ်းတွင် လမ်းမတော်လမ်းမှ နေပြီးတော့ ဈေးလမ်းဆုံအထိ ၇၆၇ ပေ ရှည်လျားပြီးတော့ လမ်းနယ်အကျယ်အဝန်း ၃၆ ပေ၊ ကတ္တရာလမ်းသားအကျယ် ၃၆ ပေရှိပါတယ်။ ဈေးလမ်းဆုံမှ သုခလမ်းအထိ ပေ ၆၀၀ ရှည်လျားပြီး

တော့ လမ်းနယ်အကျယ် ပေ ၅၀ ၊ ကတ္တရာလမ်းသားအကျယ် ပေ ၅၀ ရှိပါတယ်။ သုခလမ်းမှ ရေပန်းလမ်းဆုံအထိ ပေ ၁၂၀၀ ရှည်လျားပြီးတော့ လမ်းနယ်အကျယ် ၄၅ ပေ၊ ကတ္တရာလမ်းသား အကျယ် ၂၆ ပေရှိပါတယ်။ အဆိုပါသုခလမ်းမှ ရေပန်းလမ်းဆုံထိ ၁၂၀၀ ပေရှည်လျားပြီးတော့ တစ်ဖက်လျှင် ၉ ပေ ၆ လက်မ အကျယ်စီသာတိုးချဲ့၍ ရနိုင်မှာဖြစ်ပြီးတော့ ကုန်ကျစရိတ်မှာ ကျပ် ၃၀.၅၇ သန်းဖြစ် ပါတယ်။

လားရှိုးမြို့နယ် စည်ပင်သာယာရေးဌာနရဲ့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဝင်ငွေလျာထားချက်မှာ ကျပ် ၁၇၉၃ သန်းဖြစ်ပြီးတော့ ငွေလုံးငွေရင်းအသုံးစရိတ်မှာ ကျပ် ၈၇၆.၅ သန်းဖြစ်ပါတယ်။ လမ်း၊ တံတား တည်ဆောက်ရေးအတွက် အသုံးစရိတ်လျာထားချက်မှာ ကျပ် ၆၆၇.၁၂၅ သန်းဖြစ်ပါတယ်။ အဆိုပါလမ်းတိုးချဲ့ခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ လျာထားခြင်းမရှိသည့်အတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေ(RE) တွင်သော်လည်းကောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မူလရန်ပုံငွေ(BE) တွင်သော်လည်းကောင်း ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီးတော့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လားရှိုးမြို့တွင်းလမ်းဖြစ်တဲ့ လားရှိုးဘူတာရုံလမ်းဟာဆိုရင် ၂ မိုင် ၂ ဖာလုံရှည်လျားပြီးတော့ ပေ ၃၀ အကျယ်ရှိတဲ့ ကတ္တရာလမ်းဖြစ်ပါတယ်။ လက်ရှိလမ်းအကျယ် ပေ ၃၀ ရှိပြီးတော့ လမ်းထပ်မံတိုးချဲ့ရန် အိမ်များ၊ ခြံများ မလွတ်ကင်းတဲ့အတွက် ထပ်မံတိုးချဲ့ရန် မဖြစ်နိုင်၍ လက်ရှိလမ်းကိုသာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေနဲ့ မိုင်တိုင် (၀/၃) မှ (၁/၆) အကြား ၄ ဖာလုံ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

လားရှိုးကြီး-ဘူတာရုံလမ်းဟာဆိုရင် မိုင် (၀/၀) ကနေပြီးတော့ (၂/၃) ထိ ၂ မိုင် ၃ ဖာလုံရှည်လျား ပြီးတော့ မိုင်တိုင် (၀/၀) ကနေ (၀/၄) ထိ ၃၀ ပေအကျယ် ကတ္တရာလမ်း၊ မိုင် (၀/၄) ကနေပြီးတော့ မိုင်တိုင် (၂/၃) ထိ ၂၄ ပေအကျယ် ကတ္တရာလမ်း ဖြစ်ပါတယ်။ အဆိုပါလမ်းပိုင်း တစ်လျှောက်ယာဘက်ခြမ်းမှာဆိုရင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် အုတ်တံတိုင်း၊ ခြံစည်းရိုးများ တည်ရှိပြီးတော့ ဝဲဘက်အခြမ်းမှာဆိုရင် လေယာဉ်ကွင်းခြံစည်းရိုးရှိနေတဲ့အတွက် မူလကတ္တရာလမ်းကို ထပ်မံတိုးချဲ့မည်ဆိုပါက သက်ဆိုင်ရာအဖွဲ့အစည်းများနဲ့ ညှိနှိုင်းရမှာ ဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်နယ် ရန်ပုံငွေဖြင့် လက်ရှိလမ်းကို မိုင် (၂/၂) ကနေပြီးတော့ (၂/၃) ထိ ၁ ဖာလုံ

ကတ္တရာထပ်ပိုးလွှာ ခင်းခြင်း၊ မိုင်တိုင် (၂/၃) မှာရှိတဲ့ မူလ ၂ ပေ တံတားကို (၅x၅x၂၄) ပေရှိတဲ့ သံကူကွန်ကရစ်တံတား အဖြစ် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လားရှိုး-နမ့်တူမြို့တွင်းလမ်းအပိုင်းဟာ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်း ဖြစ်တဲ့ လားရှိုး-မန်စံလမ်းပိုင်းမှာပါဝင်ပြီးတော့ ပြည်ထောင်စုအစိုးရအဖွဲ့မှ စီမံခန့်ခွဲတဲ့လမ်းဖြစ်ပါ တယ်။ မိုင်တိုင် (၁/၆) မှ မိုင်တိုင် (၃၀/၂) အထိ ၂၈ မိုင် ၄ ဖာလုံရှည်လျားပြီးတော့ ကတ္တရာလမ်း အဆင့်ဖြစ်ပါတယ်။ မိုင်တိုင် (၁/၆) ကနေပြီးတော့ (၃/၁) အထိ ၁ မိုင် ၃ ဖာလုံဟာဆိုရင် မြို့တွင်းလမ်းပိုင်းဖြစ်ပြီးတော့ ၂၂ ပေအကျယ် မိုင်တိုင် (၃/၁) ကနေ (၈/၁) အထိ ၅ မိုင် ၁၈ ပေ အကျယ် ကတ္တရာလမ်းချဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ လမ်းတိုးချဲ့ရန် ရန်ပုံငွေရရှိ ခြင်းမရှိ တဲ့အတွက် ဆောင်ရွက်နိုင်ခြင်းမရှိပါကြောင်းနဲ့ မိုင်တိုင် (၁/၆) ကနေပြီးတော့ မိုင်တိုင် (၃/၁) ထိ ၁ မိုင် ၃ ဖာလုံအား ၂၂ ပေမှ ၂၈ ပေအကျယ် မိုင်တိုင် (၃/၁) ကနေပြီးတော့ မိုင်တိုင် (၄/၁) အထိ ၇ ဖာလုံအား ၁၈ ပေအကျယ်ကနေပြီးတော့ ၂၄ ပေအကျယ်သို့ ကတ္တရာလမ်းတိုးချဲ့နိုင်ရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ ရန်ပုံငွေတင်ပြတောင်းခံ၍ ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီးတော့ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဒေါက်တာစိုင်းမောက်ခမ်း(လားရှိုးမဲဆန္ဒနယ်)**။ ။ ပြည်ထောင်စုဝန်ကြီးအနေနဲ့ အခုလို ဖြေကြားပေးတဲ့အတွက် ကျေးဇူးအထူးတင်ရှိပါတယ်။ ကျွန်တော်မေးတဲ့မေးခွန်းက ဘူတာလမ်းဆိုလို့ ရှိရင် မြို့တော်ခန်းမအဝိုင်းကနေပြီးတော့မှ ဘူတာရုံကြီးအထိက ၂ မိုင်ကျော်လောက်ရှိပါတယ်။ အဲဒါ ချဲ့စရာနေရာတွေ အများကြီးရှိပါတယ်။ အဲဒီအတွက် ဒါကြောင့်မို့လို့ ကျွန်တော်တင်ပြခြင်းပဲ ဖြစ်ပါ တယ်။ အခုဝန်ကြီးဖြေကြားတဲ့ လားရှိုးကြီးကနေပြီးတော့ ဘူတာထိသွားတဲ့လမ်းက ကားတွေသိပ်တော့ အများကြီးမရှိသေးပါဘူး။ ဒါက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ဘက်ကို ဖြတ်ရတဲ့လမ်းပါ။ အဲဒီလမ်း ကို ကျွန်တော် တင်ပြခြင်းမဟုတ်ပါဘူး။ ကျွန်တော်တင်ပြတာက မြို့တော်ခန်းမအဝိုင်းကနေပြီးတော့မှ ဘူတာရုံသွားတဲ့အထိ လမ်းနှစ်ခုရယ် မြို့တော်ခန်းမအဝိုင်းကနေပြီးတော့မှ AD တံတားအထိသွားတဲ့ လမ်းက ဒါပြည်ထောင်စုလမ်းမကြီးလို့လည်း ခေါ်ကြပါတယ်။ အဲဒါက အဲဒီတစ်လျှောက်ကကားတွေ အများကြီးရှိတဲ့အတွက် ဒါကို ကျွန်တော်တင်ပြခြင်းပဲဖြစ်ပါတယ်။ နောက်တစ်ခုက သိန်းနီလမ်းက ဗိုလ်ချုပ်လမ်းထောင့်နယ်မှာ သုံးမြှောင့်လမ်းထောင့်အထိက သက်သက်ပါ။ အဲဒီလမ်းအတွက်လည်း

ကားတွေအင်မတန်များတဲ့အတွက် တင်ပြခြင်းပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဲဒီဟာကတော့၊ သေချာအောင်တော့ ဝန်ကြီးတို့အနေနဲ့ စိစစ်ပြီးတော့မှ လုပ်ပေးဖို့ တင်ပြချင်တဲ့အကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးဝင်းခိုင် (ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး ပြန်လည်ရှင်းလင်းချက်အရ ကျွန်တော်တို့အနေနဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို ပြန်လည်မေးမြန်းပြီးတော့ ပြန်လည်တင်ပြပေးပါ့မယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးပါပြီ။ မေးခွန်းများဖြေကြားပေးတဲ့ ဝန်ကြီးများ ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**ဦးသန်းစိုး၊ သာစည်မဲဆန္ဒနယ်က အမေရိကန်နိုင်ငံက မြန်မာနိုင်ငံအပေါ် စီးပွားရေးအရ ဒဏ်ခတ်ပိတ်ဆို့မှုရုပ်သိမ်းရေးအတွက် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့်အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး က အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးသန်းစိုးအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသန်းစိုး (သာစည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ သာစည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမေရိကန်နိုင်ငံက မြန်မာနိုင်ငံအပေါ် စီးပွားရေးအရ ဒဏ်ခတ်ပိတ်ဆို့မှုရုပ်သိမ်းရေးအတွက် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းကြောင်းအဆို တင်သွင်းမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် ဒီနေ့ဆွေးနွေးတင်ပြမယ့်အကြောင်းအရာကတော့ မြန်မာ့ဒီမိုကရေစီအရေးပြုပြင်ပြောင်းလဲမှုနှင့် အမေရိကန်နိုင်ငံရဲ့ အရေးယူပိတ်ဆို့မှုများအကြောင်းပဲ ဖြစ်ပါတယ်။ ဒီမိုကရေစီအကြောင်းပြောရရင် ဖွံ့ဖြိုးတိုးတက်မှုဆိုတာကိုလည်း မဖြစ်မနေထည့်သွင်းပြောဆိုရမှာဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးစတဲ့အရေးတွေမှာ ဖွံ့ဖြိုးတိုးတက်မှုရေခံမြေခံမကောင်းရင် ဒီမိုကရေစီဆိုတာ အိပ်မက်မျှသာဖြစ်မှာဖြစ်ပါတယ်။ ဒါကြောင့်

ဒီမိုကရေစီနှင့်ဖွံ့ဖြိုးမှု ဘယ်ဟာက အရင်အစပြုတယ်ဆိုတာအငြင်းပွားနေဆဲ Debate တစ်ခုဖြစ်ပါတယ်။ သေချာတာတစ်ခုကတော့ ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်မှုဟာ အပြန်အလှန်ချိတ်ဆက်နေကြတယ်ဆိုတာပဲဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာ ကျွန်တော်တို့လို ဖွံ့ဖြိုးတိုးတက်မှုနောက်ကျတဲ့ နိုင်ငံများအတွက် ပြည်တွင်းအင်အားနဲ့ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဖို့လိုသလို နိုင်ငံတကာရဲ့အင်အားနဲ့လည်း ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဖို့လိုပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျတဲ့ နိုင်ငံများအတွက် စီးပွားရေးဆိုင်ရာ အထူးအခွင့်အရေးပေးမှုတွေ၊ နည်းပညာဆိုင်ရာလွှဲပြောင်းပေးမှုတွေ၊ ဖွံ့ဖြိုးတိုးတက်မှုအတွက် အကူအညီတွေဟာ အဲဒီနိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှု ဒီမိုကရေစီအရေးနဲ့ လူ့အခွင့်အရေးကို မလွဲမသွေမြှင့်ပေးနိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံအပေါ်မှာ အမေရိကန်နိုင်ငံရဲ့ ပိတ်ဆို့မှုတွေဟာ ၁၉၇၇ ခုနှစ် မေလက စတင်ခဲ့ပါတယ်။ အမေရိကန်သမ္မတရဲ့ စီမံခန့်ခွဲမှုဆိုင်ရာ E.O. ၁၃၀၄၇ အရ အမေရိကန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနအောက်က OFAC ဌာနခွဲမှ ပိတ်ဆို့မှုကို အကောင်အထည်ဖော်ခဲ့ပါတယ်။ ပိတ်ဆို့မှုပြုလုပ်ခြင်းကိုဖော်ပြရာမှာ အဲဒီခေတ်က မြန်မာနိုင်ငံကို အုပ်ချုပ်နေတဲ့ စစ်အစိုးရအနေနဲ့ ဒီမိုကရေစီအရေးကိုဆန့်ကျင်ခြင်း၊ ဒီမိုကရေစီအရေးလှုပ်ရှားနေမှုများကို ဖိနှိပ်ချုပ်ချယ်မှုပြုခြင်းကြောင့်ဖြစ်တယ်လို့ အတိအလင်း ဖော်ပြထားပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲအပြီးမှာ ဒီမိုကရေစီအရေးပြုပြင်ပြောင်းလဲမှုတွေကို အရှိန်အဟုန်နဲ့ စတင်ဆောင်ရွက်ခဲ့ပါတယ်။ အမေရိကန်နှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံမှုမူဝါဒဟာ ပိုမိုသွက်လက်လာပါတယ်။ ၂၀၁၁ ခုနှစ် နိုဝင်ဘာလမှာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန် မြန်မာနိုင်ငံကို ရောက်ရှိခဲ့ပါတယ်။ အားလုံးက အမေရိကန်နဲ့ အဖုအထစ်ရှိတဲ့ဆက်ဆံရေးအဆုံးသတ်ပြီး မြန်မာဖွံ့ဖြိုးတိုးတက်ရေးအတွက် အမေရိကန်ရဲ့အကူအညီတွေ ပိုရလာမယ်လို့ မျှော်လင့်ခဲ့ပါတယ်။ ဒါပေမဲ့ မျှော်လင့်သလို ဖြစ်မလာခဲ့ပါဘူး။ သံတမန်ဆက်ဆံရေးကဏ္ဍမှာ အမေရိကန်နှင့် မြန်မာနိုင်ငံကြား ယာယီသံရုံးတာဝန်ခံအဆင့်မျှသာရှိခဲ့ပါတယ်။ ၂၀၁၂ ခုနှစ် ဇူလိုင်လမှာ သံအမတ်ကြီးအဆင့်ဆက်ဆံရေးသို့ တိုးမြှင့်ခဲ့ပါတယ်။ ပိတ်ဆို့မှုများကို အားလုံးဖြေလျှော့မပေးသော်လည်း မြန်မာ့ပို့ကုန်ကန့်သတ်မှုအချို့ကို ဖြေလျှော့ခဲ့ပါတယ်။ အဲဒီနောက်မှာ သမ္မတရဲ့ အမေရိကန်နိုင်ငံခရီးစဉ်၊ ဒေါ်ဆောင်ဆန်းစုကြည်ရဲ့ အမေရိကန်နိုင်ငံခရီးစဉ်များ ဖြစ်လာခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့မှာတော့ အမေရိကန်သမ္မတ ဘားရက်အိုဘားမားရဲ့ မြန်မာ့ခရီးစဉ်ဖြစ်လာခဲ့ပါတယ်။

**မူကြမ်း**

ဒီလိုဆက်ဆံရေးတိုးတက်မှု မြန်မာနိုင်ငံအတွင်း ထင်သာမြင်သာရှိလာခဲ့ပါတယ်။ ဒီမိုကရေစီ အရေးတိုးတက်မှုတွေရှိပေမယ့် အရေးယူပိတ်ဆို့မှုတွေကိုတော့ အကန့်အသတ်ဖြင့်သာ ဖြေလျှော့ ခဲ့ကြောင်း တွေ့ခဲ့ရပါတယ်။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲမှာ မြန်မာ့ဒီမိုကရေစီအရေး ပြုပြင်ပြောင်းလဲမှုမှာ အကြီးမားဆုံးတိုးတက်မှုမှတ်တိုင်ဖြစ်ခဲ့ပါတယ်။ ရွေးကောက်ပွဲမတိုင်မီမှာ လွပ်လပ်ပြီး တရားမျှတတဲ့ရွေးကောက်ပွဲဖြစ်ဖို့ ဖိအားပေးမှုအမျိုးမျိုးကြုံခဲ့ရပါတယ်။ ရွေးကောက်ပွဲ နီးတဲ့ကာလမှာ အမေရိကန်ဆီးနိတ်လွှတ်တော်အမတ်တစ်ဦးကဆိုရင် ပြည်သူတွေ မျှော်လင့်ထားတဲ့ နိုင်ငံရေးပါတီအနိုင်မရရင် ဒီရွေးကောက်ပွဲဟာ တရားမျှတမှုမရှိဘူးဆိုတဲ့ ပုံစံမျိုးအထိပြောတာကို လွှတ်တော် ကိုယ်စားလှယ်ကြီးများ အမှတ်ရမယ်ထင်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့နိုင်ငံဟာ နိုင်ငံတကာ မျှော်လင့်ထားတာထက် ရွေးကောက်ပွဲကို လွတ်လွတ်လပ်လပ် တရားမျှတစွာ ကျင်းပပေး ခဲ့ပါတယ်။ နိုင်ငံတော်တာဝန်လွှဲပြောင်းမှုကို ဒီမိုကရေစီနည်းလမ်းတကျ တည်ငြိမ်အေးချမ်းစွာ၊ အောင်မြင်စွာ ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီလို လွတ်လပ်မှု၊ တရားမျှတမှု၊ ညီမျှမှုနဲ့ ဒီမိုကရေစီအရေး နည်းလမ်းကျမှုတွေကို တစ်ပြိုင်တည်း ဖော်ဆောင်ပေးနိုင်တဲ့ နိုင်ငံတစ်ခုရဲ့ ဒီမိုကရေစီလျှောက်လှမ်းမှု လမ်းကြောင်းကို အားပေးရမှာ၊ ကူညီရမှာ၊ မားမားမတ်မတ်ရပ်တည်ပေးရမှာ ဒီမိုကရေစီနိုင်ငံကြီး များရဲ့ဝတ္တရားပဲ ဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုအနေနဲ့ မြန်မာ့ဒီမိုကရေစီအရေးမြှင့်တင်ရေး ကိုအားပေးသွားမယ်၊ ကူညီသွားမယ်ဆိုတဲ့ စကားတွေ၊ ကတိစကားတွေ အများအပြားရှိခဲ့ပါတယ်။

ဒါပေမဲ့ လက်တွေ့မှာတော့ အပြောနဲ့အလုပ်ကွာဟနေသေးတာကို ကျွန်တော်တို့ မြင်တွေ့ခဲ့ရပါ တယ်။ နိုင်ငံတကာက မြန်မာ့ဒီမိုကရေစီအရေးပြုပြင်ပြောင်းလဲမှုကို အသိအမှတ်ပြုနေကြပါတယ်။ အားပေးထောက်ခံပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့လည်း ဒီမိုကရေစီအခြေခံအုတ်မြစ်ဖြစ်တဲ့ အမျိုးသားရင်ကြားစေ့ရေးဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်နေတဲ့အချိန် ဒီလိုအချိန်မျိုးမှာ ကမ္ဘာ့ဒီမိုကရေစီ ဦးဆောင်နိုင်ငံလို့ခံယူထားတဲ့ အမေရိကန်ပြည်ထောင်စုအနေနဲ့ မြန်မာနိုင်ငံကို ပိုမိုအားပေးထောက်ခံ သင့်တယ်လို့ ကျွန်တော်မြင်ပါတယ်။ ဒါပေမဲ့ ဝမ်းနည်းစရာကောင်းတာက ၁၉၉၇ ခုနှစ် မေလက စတင်ခဲ့တဲ့ပိတ်ဆို့မှုကို မရုပ်သိမ်းသေးဘဲ ယခုနှစ်မေလမှာ ဆက်လက်ပြီး သက်တမ်းတိုးတာကို သိခဲ့ရ ပါတယ်။ မြန်မာ့ဖွံ့ဖြိုးမှုကို နောက်ပြန်ဆွဲစေခဲ့ပါတယ်။ ဖွံ့ဖြိုးမှုနောက်ကျရင် ဒီမိုကရေစီတိုးတက်မှု လည်း နှေးကွေးမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံကို စတင်အရေးယူပိတ်ဆို့မှုလုပ်ခဲ့စဉ်တုန်းက ပိတ်ဆို့ရတဲ့ အကြောင်းအရင်းဟာ ဒီမိုကရေစီအရေးကိုဆန့်ကျင်လို့၊ ဒီမိုကရေစီလှုပ်ရှားမှုကို ဖိနှိပ်ချုပ်ချယ်လို့

OFAC ကထုတ်ပြန်တဲ့အထဲမှာ အတိအလင်းဖော်ပြထားပါတယ်။ ဒီနေ့ ကျွန်တော်တို့နိုင်ငံဟာ ဒီမိုကရေစီလမ်းကြောင်းပေါ်ရောက်နေပြီဖြစ်ပါတယ်။ ပိတ်ဆို့အရေးယူစဉ်က ဖော်ပြခဲ့တဲ့အကြောင်းအရာများလည်း မရှိတော့ပါဘူး။ ဒီလိုအခြေအနေမျိုးမှာ အမေရိကန်ပြည်ထောင်စုအနေနဲ့ မြန်မာနိုင်ငံအပေါ် ဆက်လက်ပိတ်ဆို့နေခြင်းဟာ မြန်မာ့ဒီမိုကရေစီပဒေသာပင်ကို သင်းသတ်နေသလိုဖြစ်ပါတယ်။ ယခုလိုစီးပွားရေးအရ ဒဏ်ခတ်ပိတ်ဆို့အရေးယူမှု သက်တမ်းတစ်နှစ်တိုးမြှင့်ဒဏ်ခတ်ပိတ်ဆို့မှုအား ရုပ်သိမ်းပေးနိုင်ရေးကို နိုင်ငံတော်အစိုးရမှ အလေးထားဆောင်ရွက်ပေးပါရန်အတွက် တိုက်တွန်းကြောင်းအဆိုကို ဤလွှတ်တော်မှတစ်ဆင့် တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးသန်းစိုး တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းထွန်းစိန်(မိုင်းပျဉ်းမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြသော ဧည့်သည်တော်များခင်ဗျား။ ယနေ့ ဦးသန်းစိုး၊ သာစည်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က တင်သွင်းသွားတဲ့အဆိုသည် ကျွန်တော်တို့နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ ရှေ့သို့ဆက်လက်ချီတက်လှမ်းမျှော်သွားမယ့် ဒီမိုကရေစီနိုင်ငံတော်ခရီးအတွက် အရေးပါလှပြီး အမေရိကန်နိုင်ငံက ကျွန်တော်တို့ မြန်မာနိုင်ငံအပေါ် စီးပွားရေးအရ ဒဏ်ခတ်ပိတ်ဆို့မှုများအား ရုပ်သိမ်းပေးမည်ဆိုပါလျှင် နိုင်ငံသားများ၏ စည်းလုံးညီညွတ်မှု၊ နိုင်ငံသားများ၏ အတွေးအခေါ်မြင့်မားတဲ့ စီးပွားရေးအမြင်ကျယ်မှုနှင့် နိုင်ငံတော်၏ ခေတ်မီသောဈေးကွက်စီးပွားရေးများကို နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်ပေးခြင်းအားဖြင့် တစ်ဆင့်ပြီးတစ်ဆင့် ပြုပြင်ပြောင်းလဲသွားမည်ဆိုပါလျှင် ကျွန်တော်တို့နိုင်ငံသည်လည်း ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ပြီး စီးပွားရေးကဏ္ဍများ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဦးသန်းစိုး၊ သာစည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရဲ့ အရေးကြီးအဆိုကို ကျွန်တော် မိုင်းပျဉ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန်က လှိုက်လှဲစွာထောက်ခံအပ်ပါကြောင်း လွှတ်တော်သို့ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃)

အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဦးသန်းစိုးတင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သုံးကြိမ်မေးတာကိုစောင့်ပါ။ နောက်ဆုံး သဘောမတူတဲ့သူရှိပါသလား ခင်ဗျား ထပ်မေးပါမယ်။ တူရင်လည်းတူတဲ့လူက တူတယ်လို့ပြောနိုင်ပါတယ်။ မတူတဲ့သူရှိပါသလား မေးတဲ့အခါဆိုလို့ရှိရင်လည်း မတူတဲ့သူက မတူတဲ့သူရှိကြောင်းပြောနိုင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သဘောမတူသူရှိတဲ့အတွက် အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ရဲ့သဘောထားရယူရန် စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် ဆုံးဖြတ်သွားမှာဖြစ်ပါတယ်။ ထောက်ခံသူများပါက အဆိုကိုလက်ခံဆွေးနွေးမှာဖြစ်ပါတယ်။ ကန့်ကွက်သူများပါက အဆိုကိုလက်ခံဆွေးနွေးရန်မရှိကြောင်း ဆုံးဖြတ်မှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ယခုဆန္ဒမဲပေးလို့ပြီးပါပြီ။ ရရှိတဲ့ဆန္ဒမဲစာရင်းကို ကြေညာပါမယ်။ ထောက်ခံဆန္ဒမဲပေါင်း ၁၅၁ မဲ၊ ကန့်ကွက်ဆန္ဒမဲပေါင်း ၂၁၉ မဲ၊ ကြားနေဆန္ဒမဲ ၁၆ မဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန့်ကွက်တဲ့ ကိုယ်စားလှယ်ဦးရေကများတဲ့အတွက် ဦးသန်းစိုးတင်သွင်းတဲ့ အမေရိကန်နိုင်ငံက မြန်မာနိုင်ငံအပေါ် စီးပွားရေးအရ ဒဏ်ခတ်ပိတ်ဆို့မှု ရုပ်သိမ်းရေးအတွက် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းကြောင်း အဆိုကို လက်ခံဆွေးနွေးရန်မရှိကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၅)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်(အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၀၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ၁၁း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**